
# အဘိုးပြောတဲ့ရာဇဝင်ပုံပြင်များ
## ပထမတွဲ

တက္ကသိုလ်မောင်သုည



# သမိုင်းဆရာမကြီးရဲ့ မှတ်တမ်းစကား

မောင်မြင့်ဆွေ(တက္ကသိုလ်မောင်သုည) ဆရာမရဲ့ တပည့်ဆိုတော့ မောင်မြင့်ဆွေလို့ ပဲ ခေါ် လိုက်ပါတယ်။ မင်း ရေးတဲ့ "အဘိုးပြောတဲ့ ရာဇဝင်ပုံပြင်များ "စာအုပ်အတွက် ဆရာမ မင်းကို သိပ် ကျေးဇူးလည်း တင်တယ်။ မင်းကို သင်ခဲ့ရတဲ့ သမိုင်းဆရာမတစ်ယောက်အနေနဲ့ ဂုဏ်လည်း ယူတယ်။ ဝမ်းလည်း သာတယ်။

မင်း ပြောပြတဲ့ ရာဇဝင်ပုံပြင်များ ဆိုတာ မင်းကတော့ ကလေးတွေ အတွက်ဆိုပေမယ့် အခု ခေတ် လူကြီးတွေ တချို့တောင် သိချင်မှ သိကြမယ်လို့ ထင်တယ်။ မင်းအနေနဲ့ အခုလို ပြန်လည်ဖော် ထုတ်ပြီး မြန်မာ ရာဇဝင်ကို မှတ်တမ်းတင်ပေးတာ သိပ်ကောင်းတဲ့ လုပ်ရပ်ပဲလို့ ဆရာမပြောချင် တယ်။

မင်းရဲ့ ရေးသားတင်ပြပုံက မြန်မာရာဇဝင်ကို ကလေးတွေ နားလည်သဘောပေါက်အောင် ရေးထားတဲ့ အပြင် စိတ်ဝင်စားအောင်လည်း ဆွဲဆောင်ရေးတတ်တဲ့ အတွက် မင်းက ကလေးတွေရဲ့ သဘောကို နားလည်နေပုံရတယ်။ ကလေးတွေတင်မကဘူး၊ လူကြီးတွေလည်း စိတ်ဝင်စားလိမ့် မယ်လို့ ဆရာမ ထင်ပါတယ်။ မြန်မာရာဇဝင်ကို ဒီလောက်နဲ့ တင် ရပ်မထားဘဲ ဆက်လက်ပြီး ရေး ပေးဖို့ ဆရာမ မင်းကို တိုက်တွန်းပါတယ်။

**ဒေါ်သန်းတင်(အငြိမ်းစား) ဆရာမကြီး**

ကျောက်မြောင်းအစိုးရ အထက်တန်းကျောင်း

ရန်ကုန်မြို့

*

# အမှာ စာ မဟုတ်တဲ့ မုဒိတာ

ကျွန်မ ခင်မင်လေးစားရတဲ့ ဆရာမောင်သုညက “အဘိုးပြောတဲ့ ရာဇဝင်ပုံပြင်များ ”အ ကြောင်းကို စာအုပ်လေး ထုတ်ဖြစ်တော့မယ်လို့ ဖေ့စ်ဘုတ်ကနေ ပြောလာတော့ ဝမ်းသာမိပါတယ်။ တစ်ဆက်တည်းမှာ ပဲ အဲဒီစာအုပ်အတွက် အမှာ စာရေးပေးပါဆိုတော့ ထိတ်လန့်တကြားငြင်းလိုက် တယ်။

ဘယ်...ရာရာစစ...ကိုယ့်ထက် အသက်ရော၊ ဝါရောကြီးတဲ့ ဆရာမောင်သုညရဲ့ စာအုပ်ထိပ် ဆုံးမှာ ကလောင်သက်နုသေးတဲ့ ကြာဖြူနွယ်ကို စာရေးသူတစ်ယောက်က ခပ်တည်တည်နဲ့ အမှာ စာ ရေးပေးရမယ်ဆိုတာ မဖြစ်သင့်ဘူးလေ။

ဒါပေမဲ့ ဆရာမောင်သုညက ဆက်ပြောပါတယ်။ ဒီရာဇဝင်ပုံပြင်တွေ စပြီးရေးခဲ့တုန်းက ဆုံဆည်းရာဆိုဒ်မှာ လည်း လက်ရွေးစင် ဆုရဖူးတာမို့ အမှတ်တရဖြစ်အောင်ပါတဲ့ ။

ဒီလိုဆိုတော့လည်း ကျွန်မရင်ထဲမှာ ကြည်နူးဝမ်းသာစိတ်နဲ့ အတူ ၂၀၁၂-၂၀၁၃ နှစ်များမှ ကျွန်မတို့ စာပေချစ်သူမောင်နှမများ စုပေါင်းတည်ထောင်ခဲ့ဖူးတဲ့ ဆုံဆည်းရာအွန်လိုင်း နိုင်းဆိုဒ် လေးကို ပြန်လည် သတိရသွားပါတယ်။

အဲဒီအချိန်တွေတုန်းက အွန်လိုင်းလူမှုကွန်ယက်အနေနဲ့ မြန်မာပြည်မှ၂၁ ဖေ့စ်ဘုတ်ကို သုံးတာ သိပ်,မတွင် ကျယ်သေးပါဘူး။ နိုင်းဆိုဒ်လို့

ခေါ်တဲ့ နှစ်စဉ်ကြေးသွင်းပြီး ဒိုမိန်းဝယ်ရတဲ့ ဆိုရှယ်ဆိုဒ် တွေ ထောင်ကြပြီး စာတွေရေးကြ၊ မန်ဘာတွေ စုစည်းကြ၊ သတင်းတွေတင်ကြနဲ့ ခေတ်စားနေတဲ့ အ ချိန်ပါ။

ကျွန်မလည်း ၂၀၁၀လောက်မှာ အင်တာနက်သုံးရင်း နိုင်းဆိုဒ်တွေ ထဲ ရောက်သွားခဲ့ရတယ်။ ဆိုဒ်တွေကို စိတ်ဝင်တစား လေ့လာရင်းစာ တွေ၊ ကဗျာတွေ ရေးတင်လို့ ရမှန်း အံ့ဩတကြီး သိလိုက်ရ ပြီး သကာ လ အခြေအနေကြောင့် နှလုံးသားထဲမှာ အိပ်ပျော်မှေးစက်နေရတဲ့ စာ ပေပိုးကလေးဟာ နိုး ထလာတော့တာပါပဲ။ ရွှေမြန်မာဥယျာဉ်၊ ရွှေမြို့ တော်၊ မြန်မာချစ်သူများ ၊ ပြတိုက် စတဲ့ နိုင်းဆိုဒ်တွေ ထဲကိုဝင်ပြီး ကိုယ် ရေးချင်တာတွေလည်း ရေးတင်၊ သူများ တင်ထားတာတွေလည်း လိုက် ဖတ်ပါ တယ်။

အဲဒီလို လိုက်ဖတ်နေရင်း သတိထားမိသွားတာကတော့ ဆရာမောင် သုည ရေးနေတဲ့ “အဘိုး ပြောသော ရာဇဝင်ပုံပြင်များ ”ပါပဲ။ စိတ်ဝင် စားစရာကောင်းလိုက်တာဆိုပြီး အရမ်းသဘောကျသွား ခဲ့မိတယ်။

ဆရာက အပိုင်းလေးတွေနဲ့ တင်တာမို့ စောင့်ဖတ်ခဲ့ရတယ်။ အကြို က်ဆုံးကတော့ ပန်ထွာမင်း သမီးအကြောင်းပါ။ ငယ်ငယ်ကတည်းက ကြားဖူးခဲ့ပေမယ့် ဆရာရေးတဲ့ ပုံပြင်ဖတ်လိုက်မှ ပဲ ရှင်းလင်းပြတ်သား စွာ သိလာခဲ့ရပါတယ်။

နောက်ပြီး မြန်မာနိုင်ငံဖြစ်တည်လာပုံနဲ့ ဒဏ္ဍာရီတွေရဲ့ ဆက်စပ်မှု ကိုရောပေါ့လေ။ အရင်က သပ်သပ်စီလို့ တွေးထားတဲ့ ဗေဒါရီနဲ့ တဒ္ဒတ္တာ ဘောင်ကလည်း သားအမိတော်နေတယ်။ ပန်ထွာမင်းသမီးကလည်း စ န္ဒမုက္ခိဘီလူးမက မွေးတာတဲ့ ။

ဟော...လက်စသတ်တော့ ဒွတ္တဘောင်နဲ့ ပန်ထွာကလည်း မောင်နှမ

ဝမ်းကွဲပါလား။

သဘောကျလိုက်တာ။ မသိသေးတဲ့ အကြောင်းတွေ သိလာရတာမို့ ဆရာတင်ပေးသမျှ အခန်း ဆက်တွေကို ဆန့်တငံ့ငံ့နဲ့ စောင့်နေမိတဲ့ အထိ ကျွန်မကို အဘိုးပြောတဲ့ ပုံပြင်လေးတွေက ဖမ်းစား သွားတယ်။

ဒီလိုနဲ့ ဖတ်လာရင်း ၂၀၁၃ ရောက်လာတော့ သူများ ဆိုဒ်တွေမှာ မန်ဘာလုပ်ပြီး စာရေး၊ စာဖတ်လုပ်ရုံလောက်နဲ့ အားမရတော့တဲ့ ကျွန်မက ဝါသနာတူ စာပေမောင်နှမများ ရဲ့ အကူအညီနဲ့ ပဲ နိုင်းဆိုဒ်ဒိုမိန်းတစ်ခုကို ဝယ်ပြီး'ဆုံဆည်းရာ'ဆိုတဲ့ နာမည်လေး ပေးဖြစ်ခဲ့တယ်။ ကျွန်မတို့ရဲ့ နိုင်း ဆိုဒ်ဟာ စာပေဆိုဒ်လေးဖြစ်ရမယ်လို့ ကြွေးကြော်ပြီး ကဗျာပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲတွေ လုပ်ခဲ့ တယ်။ ဆုငွေတွေ ပေးခဲ့တယ်။ လစဉ်လတိုင်းလည်း မန်ဘာတွေ တင်သမျှထဲက အကြိုက်ဆုံး စာ (၁၀) ပုဒ်ကို လက်ရွေးစင်ရွေးထုတ်ပြီး ဒီလအတွက် ဆုံဆည်းရာ အကြိုက်ဆုံးစာများ ဆိုပြီး ဂုဏ်ပြု ပေးခဲ့ကြတယ်။

အဲဒီလိုဂုဏ်ပြုခံရတဲ့ အထဲမှာ ဆရာမောင်သုညရဲ့ ဒီ"အဘိုးပြောသောပုံပြင်များ "လည်း ပါဝင်ခဲ့ပါတယ်။ ဆရာ့ကို ဆုံဆည်းရာနိုင်းဆိုဒ်ရဲ့ အင်တာဗျူးအတွက် မေးမြန်းဖော်ပြပေးခဲ့ပါတယ်။ နောက်ပိုင်း ဆရာကိုယ်တိုင်လည်း ဆုံဆည်းရာနိုင်းဆိုဒ်ရဲ့ အတိုင်ပင်ခံ နာယကအနေနဲ့ ပါဝင် လာပြီး ကျွန်မတို့ ကို လိုအပ်တာ ကူညီပေးခဲ့တာကလည်း တကယ့်ကို အမှတ်တရပါပဲ။

ဆရာက တခြားဝတ္ထု၊ ဆောင်းပါးတွေလည်း ရေးပေမယ့် ကျွန်မကတော့ ဒီပုံပြင်လေးကို အနှစ်သက်ဆုံးပါပဲ။ ရာဇဝင်စာအုပ်အထူကြီးတွေကို တကူးတက ဖတ်စရာမလိုဘဲ ပေါ့ပေါ့ပါးပါးနဲ့ ဗဟု သုတတွေ ခေါင်းထဲစိမ့်ဝင်သွားအောင် ရေးပြနိုင်တဲ့ ဆရာ့ရဲ့ ပညာစွမ်းက ပြောင်မြောက်

လှပါ တယ်။

ဆရာ့ရဲ့ ပုံပြင်လေးတွေကတော့ တကူးတက မှတ်စရာမလိုအောင် ကျွန်မရင်ထဲ စွဲနေတုန်းဆို တာ သေချာပါတယ်။

'မြန်မာအစ တကောင်းက'ဆိုတဲ့ အတိုင်း ပုံပြင်ထဲက ဇာတ်လမ်းလေးတွေ တစ်ခုပြီးတစ်ခု ပြီးသွားသလို တကောင်းမင်းဆက်မှ သည် ပုဂံခေတ်အထိကိုပါ ဆရာက ဆွဲခေါ်သွားပါတယ်။

ခုနှစ်၊ သက္ကရာဇ် အတိအကျနဲ့ စိုးစံခဲ့တဲ့ မင်းအဆက်ဆက်နာမည်တွေကိုလည်း စာရင်းပြုစု ပေးထားတာ ကျေးဇူးတင်စရာကောင်းလှပါတယ်။

ရာဇဝင်သမိုင်းတွေကို စိတ်ဝင်စားသလောက် စာအုပ်ထူကြီးတွေဖတ်ပြီး မှတ်ရမှာ ပျင်းတတ် တဲ့ ကြာဖြူနွယ်အတွက်တော့ 'အဘိုးပြောပြတဲ့ ပုံပြင်လေးတွေ'ဟာ သိပ်ကို အဖိုးတန်လှပါတယ်။

စာဖတ်သူတွေကသာ ပုံပြင်လေးတွေကို ပေါ့ပေါ့ပါးပါး ဖတ်လိုက်ရပေမယ့် ဒီလိုရှင်းလင်း လွယ်ကူစွာ ဖတ်နိုင်အောင်ရေးဖို့ အတွက် ဆရာကိုးကားခဲ့ရတဲ့ စာအုပ်တွေကတော့ မနည်းလှပါဘူး။ တကယ့်ကို လေးစားချီးကျူးမိပါရဲ့ ။

ကလေးတွေသာမက ဖတ်မိတဲ့ လူကြီးသူမတွေကိုပါ ဗဟု သုတနဲ့ အသိတရားတွေရအောင် အပင်ပန်းခံရေးသားထားတဲ့ ဆရာ့ပုံပြင်လေးတွေ ပရင့်စာမျက်နှာအထိ ရောက်လာတာကို မုဒိတာ ဖြစ်မိရင်း လှိုက်လှဲစွာ ဆုတောင်းပေးပါတယ်။

ဒီစာအုပ်လေး အောင်မြင်ပါစေ၊ ဒီတစ်အုပ်တည်းမှာ တင် မရပ်ဘဲ ဆက်လက်ထုတ်ဝေနိုင်ပါ စေ...

ဇာတ်လမ်းထဲက အဘိုးလည်း ကျန်းမာအသက်ရှည်ပြီး မြေးကလေးများကို စိတ်ဝင်စားစရာ ကောင်းလှတဲ့ ရာဇဝင်ပုံပြင်လေးတွေ ဆက်လက်ပြောပြပေးနိုင်ပါစေ...။

မုဒိတာဖြင့်

ကြာဖြူနွယ်

*

## စာရေးသူ၏ အမှာ စာ

'အဘိုးပြောတဲ့ ရာဇဝင်ပုံပြင်များ 'စာအုပ်ကို အပိုင်းနှစ်ပိုင်းခွဲပြီးရေး သားတင်ပြထားပါ တယ်။ ပထမပိုင်းမှာ "မြန်မာအစ သိကြားက၊ သာ သနာအစ မြန်မာက၊ စေတီအစ ရွှေတိဂုံက"တို့ မှာ ပါဝင်ဆက်နွှယ်နေ တဲ့ မဟာသမ္မတ စူဠာသမ္မတ ဘေဒါရီ၊ ပန်ထွာနဲ့ ဒွတ္တဘောင်၊ ဥက္ကလာပမ င်းနဲ့ မယ်လမု၊ ရှင်မွေးလွန်းနဲ့ မင်းနန္ဒာတို့ ကို အဘိုးကမြေးတို့ ကို ပုံပြောတဲ့ ပုံစံနဲ့ ရေးသားထားပါတယ်။

(ဒီပုံပြင်တွေကို စာရေးသူကိုယ်တိုင် ငယ်ငယ်က တစ်ပိုင်းတစ်စ လောက်သာ ကြားခဲ့ပြီး တိတိကျကျ ဂဃနဏ မသိခဲ့ရတဲ့ အတွက် ကို ယ့်ကို သားသမီးမြေးမြစ်တွေက မေးလာရင် ပြန်ပြော နိုင်အောင် ရှာဖွေ ဖတ်ရှုပြီး စုစည်းတင်ပြလိုက်တာပါ။

ပထမပိုင်းရဲ့ နောက်ဆုံးပိုင်းမှာ ပုဂံခေတ်ရဲ့ ခေတ်ဦးအစမှာ ပေါ်ပေါ က်ခဲ့တဲ့ မောင်ပေါက် ကျိုင်းနဲ့ ပျူစောထီးမင်းများ နဲ့ အဆုံးသတ်ခဲ့ပါတ ယ်။

ဒုတိယပိုင်းမှာ တော့ ပုဂံခေတ် (၄) ခေတ်ကို အခြေခံပြီး အနော်ရ ထာမင်း နန်းမတက်မီအချိန် ကစလို့ အဖြစ်အပျက်အကြောင်းအရာများ ကို မြန်မာနိုင်ငံရဲ့ ဒိုင်ယာရီသဖွယ် သက္ကရာဇ်များကို တတ် နိုင်သလော က် အစီအစဉ်လုပ်ပြီး ရေးသားထားပါတယ်။

ပုဂံခေတ်အကြောင်းကို ဖော်ပြရာမှာ တော့ အနော်ရထာ၊ ကျန်စစ်

သား စတဲ့ မင်းများ အကြောင်းက လူတိုင်းလည်း တော်တော်လေး သိထားကြပြီးသားဆိုတော့ ပုံပြင်နားထောင်နေတဲ့ မြေးကလေးတွေ စိတ်ဝင်စားမှု ပိုမိုရှိလာအောင် ပုဂံခေတ်ကို စိတ်ကူးနဲ့ ခေါ်ဆောင်သွားပြီး အဘိုး ပြောတာကို နားထောင်ရင်း (ရုပ်ရှင်ကြည့်နေရသလို) ခံစားနိုင်အောင် စာပန်းချီချယ် ရေးသားတင်ပြ ထားပါတယ်။

ဒေါ်ခင်မျိုးချစ်ပြောသလို သမိုင်းရာဇဝင် သိချင်ရင်တော့ ရာဇဝင်အကြောင်း၊ သမိုင်းအ ကြောင်း ရေးထားတဲ့ စာအုပ်တွေ ဖတ်ပေါ့တဲ့ ။

ကျွန်တော်ကတော့ သမိုင်းစာအုပ် ထူထူကြီးတွေဖတ်ဖို့ အချိန်မပေးနိုင်တဲ့ လူငယ်ကလေး တွေအတွက် သူတို့ ကိုယ်စား စာအုပ်များ စွာကို ရှာဖွေဖတ်ရှုပြီး ကလေးတွေ နားလည်အောင် ပြန် ပြောပြပေးလိုက်တာပါ။

မြန်မာမှန်ရင် မြန်မာအကြောင်း သိရမည်။

မြန်မာမှန်ရင် မြန်မာရာဇဝင်ကို သိရမည်။

မြန်မာမှန်ရင် ပုဂံကို သိရမည်။

ပုဂံကို ရောက်အောင် သွားကြည့်ပါ။

ပုဂံ ရှေးမြန်မာတို့ အကြောင်း ပြောပြနေပါသည် ။

**တက္ကသိုလ်မောင်သုည**

*

# ဦးမြင့်ဆွေ(ခေါ်) မောင်သုည
# ကိုယ်ရေးအကျဉ်း

ဦးမြင့်ဆွေကို အဘဦးမြမောင်(ဂီတစာဆို-မြကလောင်)၊ အမိဒေါ်လှ တင်တို့ မှ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်၊ ကန်တော်ကလေးရပ်ကွက် တွင် မွေးဖွားသည် ။ မူလတန်းပညာကို ကန်တော်က လေး(မြူနီစီပါယ်ကျောင်း)နှင့်
အထက်တန်းပညာကို(ကျောက်မြောင်းအစိုးရအထက်တန်းကျောင်း) တွင် ပညာဆည်းပူးခဲ့သည် ။

၁၉၇၂ ခုနှစ်တွင် လုပ်သားများကောလိပ်မှ ဝိဇ္ဇာဘွဲ့ကို(ပထဝီဝင်) အဓိကဘာသာဖြင့် ဘွဲ့ရရှိ ခဲ့ပါသည် ။ ၁၉၈၉ ခုနှစ်တွင် (RL=Registered of Law) မှတ်ပုံတင်ရှေ့နေစာမေးပွဲ အောင်မြင်ပြီး (ဗဟိုတရားရုံးချုပ်ရှေ့နေ)၊ ( ယခု တရားလွှတ်တော်ရှေ့နေ) အဖြစ် အသက်မွေးဝမ်းကျောင်းပြုခဲ့ပါ သည် ။

လုပ်သားများကောလိပ် တက်ရောက်နေစဉ်တွင် အစ်ကိုဖြစ်သူ ဦးပါကြီး ထုတ်ဝေသော ရုပ်ရှင်သစ်မဂ္ဂဇင်းတိုက်တွင် အယ်ဒီတာအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ကာတွန်းစိန်ကြီးနှင့် ကလျာ (ဝိဇ္ဇာသိပ္ပံ)တို့ ထုတ်ဝေသော ကာတွန်းသစ်စာစောင်တွင် အယ်ဒီတာအဖွဲ့ဝင်အဖြစ် လုပ်ကိုင်နေရာမှ ထိုမဂ္ဂဇင်းနှင့် စာစောင်တို့ တွင် ရုပ်ရှင်ဆောင်းပါးများ ၊ ဇာတ်ညွှန်းများ နှင့် ဟာသဝတ္ထုများ ရေးသား ရင်းဖြင့် စာပေလောကသို့ ဝ

င်ရောက်ခဲ့သည်။

ဒို့ကျောင်းသားစာစောင်တွင် မောင်သုည(ပထဝီဝင်) အမည်ဖြင့် ပထဝီဝင် ဘာသာရပ်ဆိုင်ရာ ဆောင်းပါးများ ရေးသားခဲ့ပြီး အခါအားလျော်စွာ မြန်မာ့အသံမှ ဓာတ်လမ်းပမာ နားဆင်စရာ အတွက် အသံထွက်ဓာတ်လမ်းစာမူများ ရေးသားပေးပို့လျက် ရှိပါသည်။

၂၀၁၁ ခုနှစ်လောက်တွင် (မြန်မာသံစဉ်နှောင်း အတိတ်ဂန္ဓဝင်) ကိုယ်ပိုင်ဘလောက်နှင့် (facebook)တွင် နှောင်းအတိတ်ဂန္ဓဝင်(Group)များ ဖန်တီးပြီး( မောင်သုည) အမည်ဖြင့် သုတ၊ ရသ၊ ဟာသနှင့် ဘာသာရေးဆောင်းပါးများကို ရေးသားလျက်ရှိပါသည်။

'အဘိုးပြောတဲ့ ရာဇဝင်ပုံပြင်များ 'မှ မိမိဘလောက်နှင့် facebook တွင် လစဉ်ရေးသားခဲ့ သော ပုံပြင်များ ဖြစ်ပါသည်။

၁။ လောကဓမ္မဂျာနယ်(လက်ကမ်း) စာစောင်ကို အင်တာနက်မှ ၎င်းကိုယ်တိုင် လက်ဆင့်

ကမ်း အနေဖြင့်လည်းကောင်းဖြန့်ဝေလျက် ရှိပါသည်။

၂။ ပဋ္ဌာန်းမြန်မာပြန်အကျဉ်းစာအုပ်ကို ပြုစု၍ (ဓမ္မဒါန) ဖြန့်ချိခဲ့ပါသည်။

၃။ သကြံန်မှာ လာတဲ့ ချစ်ဧည့်သည် ဝတ္ထုတို့ ကို ရေးသားထုတ်ဝေခဲ့ပါသည်။

(ဖခင်ဖြစ်သူမှာ ဓွဲသီချင်း၊ ဗုဒ္ဓသာသနာရောင်၊ ငါးပါးပဥ္စသီ၊ မဟာဗန္ဓုလ၊ ဗေဟင်ဆရာ၊ ငဘတို့ ရွာ၊ လင်းကြက်တွန်သံ၊ မီးသတိပြုစသော သီချင်းများ စွာကို ရေးသားခဲ့သော ခေတ်ဟောင်း က

ဂီတစာဆိုတစ်ဦးဖြစ်သဖြင့် ဂီတအနုပညာ ဝါသနာပါလာသူဖြစ်သဖြင့်( သကြဳန်မှာ လာတဲ့ ချစ် ညွှ့သည် ) ဝတ္ထုမှာ ဂန္တဝင်တေးများကို ပြန်လ ည်ဖော်ထုတ်သည့်အနေနှင့် ရုပ်ရှင်ရိုက်ကူးရန်အတွက် ဇာတ်ညွှန်းပုံစံ ရေးသားထားသော ဝတ္ထုတစ်အုပ် ဖြစ်ပါသည် ။ ထိုင်းနိုင်ငံ၊ ဘန်ကော က်မြို့တွင် ထုတ် ဝေသော သာကီအလင်းမဂ္ဂဇင်းနှင့် မြတ်မေတ္တာ(ဓမ္မ သုတ ရသ) မဂ္ဂဇင်းတို့ တွင် ဆောင်းပါးများ ရေး သားလျက် ရှိပါသည် ။

**ဆက်သွယ်ရန်လိပ်စာ…**

**ဦးမြင့်ဆွေ ( တက္ကသိုလ်မောင်သုည)**

Email Address – mgthonnya2@gmail.com Facebook Link –

1. Maung Thonnya

2. Myint Swe Maung Thonnya

*



## သီရိခေတ္တရာပြည့်ရှင်မလေး
## ဘေဒါရီ

**ဘေဒါရီသီချင်း - ဝင်းဦး**

(မွေးထိုက်လို့ မွေးရတော့မယ်၊ သူငယ်မ ကုသိုလ် ငါ့ကုသိုလ် ငါ့သမီး မှန်တယ်ဆိုရင်××× လက်တိုဂျင် ဂလက်ဆို ထွက်လိုက်တော့ ငါလက်က ချိုချို×××)

“အဘိုး…ဒီသီချင်းက ဘာတွေလဲဟင်…သမင်မကလေးက ကလေးမွေးလာတာလား။ သူ့နာမည်က ဘေဒါရီတဲ့ လား”

“အေး…ဟုတ်တယ်။ အေး…အေး…အဲဒါ မြန်မာရာဇဝင်အစပေါ့ကွဲ့ ”

“ထူးဆန်းတယ်နော်…အဲဒါပုံပြင်လား…တကယ်လားဟင်…အဲဒီသမင်က မွေးတဲ့ ကလေးမ လေးက ချောမှာ ပေါ့နော်။ နောက်…ဘာတွေဆက်ဖြစ်မလဲ…အဘိုးသိရင် ပြောပြပါလားနော်”

“အေး…အေး…အဲဒါ မြန်မာ့ရာဇဝင်အစပေါ့ကွဲ့။ မြန်မာအစတကောင်းက ဆိုတာပေါ့”

“ဟင်ဟုတ်လား။ အမေလေး…ထူးဆန်းလိုက်တာ။ သမီးတို့ ကို ပြောပါလား အဘိုးရဲ့ … သမီး စိတ်ဝင်စားလို့ ”

“အေး…အေး…နားထောင်…အဘိုး ပြောပြမယ်”

"ဟဲ့...မောင်လေး၊ ဒီနေ့ တို့ ...အပြင်ထွက်မဆော့တော့ဘူး။ မိုးလည်း ရွာနေတယ်။ လ လည်း မသာဘူး။ အဘိုးပြောတဲ့ ပုံပဲ နားထောင်တော့မယ်။ ကဲ...အဘိုး...ပြော"

"အေး...အေး...အဘိုး ပြောပြမယ်။ သေသေချာချာ နားထောင်နော်"

"ဟိုးရှေးရှေးတုန်းက ဂေါတမမြတ်စွာဘုရား မပွင့်တော်မူခင်နှစ်ပေါင်းတစ်ထောင်လောက် က အခု အိန္ဒိယပြည်မြောက်ပိုင်း နီပေါနိုင်ငံရဲ့ တောင်ပိုင်းလောက်မှာ တိုင်းကြီး (၁၆) တိုင်းနဲ့ ပြည် ကြီး(၂၀)ရှိခဲ့တယ်။ အဲဒီတိုင်းကြီး(၁၆)တိုင်းထဲက ပဉ္စာလရဇ်တိုင်းကို အစိုးရတဲ့ မင်းက ကောသလ တိုင်းကို အစိုးရတဲ့ မင်းဆီကို အမျိုးချင်းဆက်လိုတဲ့ အတွက် သမီးကညာ တောင်းလာတယ်။ ကောလိ ယ၊ ဒေဝဒဟနဲ့ ကပိလဝတ်တိုင်းတွေမှာ သာကီဝင်အမျိုးအနွယ်တွေ နေတယ်။ ပဉ္စာလရဇ်မှာ တော့ များ သောအားဖြင့် အမျိုးနိမ့်တဲ့ သူတွေနေတယ်။ ဒါကြောင့် ကောလိယ မင်းက သမီးကညာ မဆက်သ ဘဲ မချေမငံ ပြန်ပြောလိုက်တယ်။ အဲဒါကြောင့် နှစ်နိုင်ငံ စစ်ဖြစ်ကြတယ်"

"အင်း...ဟိုတုန်းကလည်း အမျိုးမတူရင် မပေးစားနိုင်ဘူးဆိုတာရှိခဲ့တာပဲနော်"

"ဧကန္တတော့ နင် အောက်တန်းစားတစ်ယောက်နဲ့ ကြိုက်နေပြီထင်တယ်"

"ဟာ...နင်ကလည်း ငါက ဘယ်ကဟာနဲ့ သွားကြိုက်ရမှာ လဲ။ နင် အသာနေစမ်းပါ။ အဘိုး အဲဒီလိုစစ်ဖြစ်တော့ ဘယ်သူနိုင်လဲဟင်"

"ပဉ္စာလရဇ်တိုင်းက နိုင်တယ်။ ကောသလတိုင်းက ဘုရင် စစ်ရှုံးတယ်"

"ဟယ်...အဲဒီထဲက ကပိလဝတ်ပြည်က မင်းတစ်ပါးဖြစ်တဲ့ အဘိရာဇာဟာ စစ်သည် ဗိုလ်ပါ အလုံးအရင်းနဲ့ အတူ အရှေ့ဘက်ကိုထွက်လာခဲ့ရာမှ တို့ အခု မြန်မာနိုင်ငံကို ရောက်လာတယ်။ အခု မန္တလေးမြို့ရဲ့ အထက်ကို မိုင်(၁၆၀) လောက်အကွာ ဧရာဝတီမြစ်ရဲ့ လက်ဝဲဘက်အရပ်မှာ တကောင်း ပြည်ကို တည်ထောင်ပြီး နေထိုင်တယ်။ တကောင်းမင်းဆက်ပေါင်း(၃၃)ဆက်ရှိပြီး နှစ်ပေါင်း (၁၀၀၀)လောက် နန်းစံသွားတယ်။

အဘိရာဇာမင်း နတ်ရွာစံတော့ သားတော်ကံရာဇာကြီးနဲ့ ကံရာဇာငယ် ညီအစ်ကိုနှစ်ယောက် က ထီးနန်းလုကြတယ်။ စစ်တိုက်မယ်လုပ်တော့ မှူးကြီးမတ်ကြီးတွေက စစ်မတိုက်ကြပါနဲ့ ၊ ဉာဏ်ပညာစွမ်းရည်ပြိုင်ကြပါ။ မဏ္ဍပ်တစ်ဆောင်ကို ညတွင်းချင်း အပြီးဆောက်နိုင်တဲ့ သူက ထီးနန်းကို ယူပါလို့ ပြောတော့ မင်းနှစ်ပါးစလုံး သဘောတူပြီး မဏ္ဍပ်ဆောက်ကြတယ်။

ညီငယ်ဖြစ်သူ ကံရာဇာငယ်က သစ်ငယ်ဝါးငယ်တွေနဲ့ ဆောက်တော့ ညတွင်းချင်း ပြီးသွား တယ်။

အစ်ကိုကြီးဖြစ်တဲ့ ကံရာဇာကြီးက သစ်ကြီးဝါးကြီးတွေနဲ့ ဆောက်တော့ ညတွင်းချင်းမပြီးလို့ ရှုံးသွားတယ်။

သူလည်း ကတိအတိုင်း နိုင်ငံကထွက်ပြီး ဧရာဝတီမြစ်ကို စုန်ဆင်းသွားတယ်။ ကလေးမြို့အ ထက်နားက ချင်းတွင်းမြစ်ဆုံရာအရပ်မှာ ကလေးဝကို ရောက်တယ်။ ကလေးတောင်ညိုကို (ရာဇဂြိုဟ်) သမုတ်ပြီး(၆)လ စိုးစံနေတယ်။ နောက်အနီးအနားက ပျူ၊ ကမ်းယံ၊ သက်တို့ က မင်း လျှာတောင်းခံလာလို့ သားတော် မုဒုစိတ္တကို အုပ်ချုပ်ခိုင်းထားခဲ့တယ်။

ကံရာဇာကြီးကတော့ အောက်ဘက်ကို ဆက်လက်စုန်ဆင်းပြီး ဧည ဝတီအရပ်မှာ ထီးနန်း စိုက်နေလိုက်တယ်”

“ဟယ်…အကြာကြီးပဲနော်။ ဒါကြောင့် မြန်မာအစ တကောင်းကလို့ ပြောတာကိုး။ ဒါနဲ့ ပြီး ရောလား အဘိုး…ဟို…သမင်မနဲ့ ရသေ့ကြီးတို့က ဘာဆိုင်လို့ လဲ အဘိုးရဲ့ ”

“ဟဲ့…နင်ကလည်း ပြောမှာ ပေါ့ဟဲ့…နားထောင်ပါလား”

“အေးပါ…အဘိုး ဆက်ပြောပါ့မယ်ကွဲ့။ အဲဒါက ပထမ တကောင်းမင်းဆက်…ဒုတိယ တကောင်းမင်းဆက်မှာ မှ အဲဒီသမင်မလေးနဲ့ ရသေ့ဇာတ်လမ်းက လာမှာ ”

“ဆက်ပါဦး…အဘိုးရဲ့ ”

“အဲဒီပထမ တကောင်းမင်းဆက်(၃၃)ဆက်မြောက်ဖြစ်တဲ့ ဘိန္နကရာဇာလက်ထက်မှာ နန်ချို နယ်က ရှမ်းတွေ လာရောက်ဖျက်ဆီးလို့ ပထမ တကောင်းပြည်ကြီး ပျက်သွားတယ်”

“ဟောတော့…ပျက်သွားရောလား”

“အဲဒီပထမ တကောင်းမင်းဆက်က သာကီဝင်မင်းဆက်တွေဟာ အုပ်စု(၃)စု ကွဲသွားကြ တယ်။

ပထမအုပ်စုကတော့ မြန်မာနိုင်ငံ အရှေ့ဘက်ကို ထွက်သွားကြပြီး ရှမ်း(၁၁) ခရိုင်ကို တည် ထောင်ပြီး နေကြတယ်။

ဒုတိယအုပ်စုကတော့ ကံရာဇာကြီး သွားရာဒေသဖြစ်တဲ့ ပျူ၊ ကမ်းယံ၊ သက်တို့ အရပ်မှာ သွားပေါင်းပြီး နေထိုင်ကြတယ်။

တတိယအုပ်စုကတော့ ဘိန္နကရာဇာမိဖုရားကြီးနဲ့ အတူ ပျက်သွား

တဲ့ တကောင်းမှာ ပဲ ဆက်ပြီး နေထိုင်ကြတယ်။

ဒုတိယ တကောင်းမင်းဆက်မှာ အားလုံး မင်းဆက်(၁၇)ဆက်ရှိတယ်။

အဲဒီအချိန်မှာ အိန္ဒိယပြည် မဇ္ဈိမဒေသမှာ ဘုရားပွင့်တော်မူနေပြီ။ သက္ကရာဇ်(၁၀၃)ခု ကျော် ပြီပေါ့။

သာဝတ္ထိပြည်ရှင် ပသေနဒီကောသလမင်းက ကပိလဝတ်ပြည့်ရှင်မဟာနာမ်မင်းထံ တမန် စေလွှတ်ပြီး သမီးတော်ကို တောင်းတယ်”

“လာပြန်ပြီ တစ်ခါ...သမီးတောင်းတာ”

“အေး...ဟုတ်တယ်၊ သမီးတောင်းတာက တို့ ရာဇဝင်မှာ ပြဿနာစတာ များ တယ်ကွဲ့။

ကပိလဝတ်ပြည့်ရှင်က သမီးအစစ်ကိုမပေးဘဲ ကျွန်မက မွေးတဲ့ သတို့ သမီးကို ပေးလိုက် တယ်။ အဲဒီအခါမှာ ကောသလမင်းက ကျွန်မကို သမီးအစစ်လို့ ထင်ပြီး မိဖုရားမြှောက်လိုက်တယ်။ နောက်တော့ ဝိဋူဍူပမင်းသားကို မွေးတယ်။ ဝိဋူဍူပမင်းသားလေး အရွယ်ရောက်လာတော့ တစ်နေ့ မှာ သူ့ရဲ့ ဘိုးတော်ဘွားတော်ရှိတဲ့ ကပိလဝတ်ပြည်ရှင်မင်းနှင့်မိဖုရားထံ သွားရောက်ကန်တော့တယ်။ ဝိဋူဍူပ ပြန်တော့ သူ၏ နေရာကို ကျွန်မသားရဲ့ နေရာဟု ဆိုပြီး နို့ရည်နဲ့ အထပ်ထပ် ဆေးတယ်။ ဝိဋူဍူပမင်းသားက ဒီအကြောင်းအလုံးစုံကို သိသွားတဲ့ အခါမှာ သာကီဝင်မင်းတို့ ကို ကောင်းကောင်း ရန်ငြိုးဖွဲ့ထားတော့တာပေါ့။ နောက် သူဘုရင်ဖြစ်လာတော့ စစ်ကြီးချီပြီး သာကီဝင်မင်းမျိုးတို့ ကို နို့စို့အရွယ်တောင် မကျန်အောင် အကုန်လိုက်သတ်တယ်။ မဟာနာမမင်းနဲ့ သာကီဝင်မင်းသားများ နဲ့ တခြားသာကီဝင်မင်းမျိုး နည်းနည်းလောက်ပဲ လွတ်တယ်။ သာကီဝင်မင်းမျိုးတို့ ပျက်စီးသွားတော့ ဓဇရာဇာဆိုတဲ့ သာကီဝ

င်မင်းဟာ နောက်လိုက်ဗိုလ်ပါ ဆင်မြင်းအလုံးအရင်းနှင့်အတူ မြန်မာပြည်ကို တိမ်းရှောင်လာခဲ့တယ်။ အရင်က တကောင်းအရပ်မှာ နာဂဆိန်မိဖုရားကိုတွေ့တယ်။

ဓဇရာဇာနဲ့ နာဂဆိန်မိဖုရားတို့ စုံဖက်ပြီး ဒုတိယ တကောင်းပြည်ကို တည်ထောင်လိုက် တယ်။ ဒုတိယ တကောင်းမင်းဆက်မှာ ဓဇရာဇာမင်းက စပြီး နောက်ဆုံး သတိုးမဟာရာဇာမင်းအထိ မင်းဆက် (၁၇)ဆက် စိုးစံတယ်။ သတိုးမဟာရာဇာမင်း နန်းတက်တဲ့ အချိန်ဟာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စတော်မူပြီး အနှစ်(၂၀) လောက်မှာ ဖြစ်တယ်။

သတိုးမဟာရာဇာမင်းနဲ့ မိဖုရားနာဂဆိန်မှ အမြွှာညီအစ်ကိုသားတော်နှစ်ပါး မွေးဖွားတယ်။ အစ်ကိုဖြစ်သူက မဟာသမ္ဘဝ၊ ညီဖြစ်သူက စူဠသမ္ဘဝ။ အဲဒီသားတော်နှစ်ပါးစလုံး မွေးကတည်းက မျက်စိမမြင်ကြဘူး။ သတိုးရာဇာဘုရင်ကြီးက ရှက်ပြီး ငယ်ငယ်ကတည်းက သတ်ပစ်ဖို့ မိဖုရားကြီး ကို စေခိုင်းထားတယ်။ မိဖုရားကြီးက သနားလို့ မသတ်ဘဲနဲ့ တိတ်တဆိတ် မွေးမြူထားတယ်။

နောက်ကြီးလာတော့ ဘုရင်ကြီး သိသွားတဲ့ အခါမှာ အစားအစာ အပြည့်အစုံထည့်ပြီး ဖောင် ထဲထည့်ပြီး မျှောလိုက်တယ်။ အဲဒီအခါမှာ သတိုးမဟာရာဇာမင်းမှာ နန်းမွေဆက်ခံမယ့်သူမရှိလို့ သူ့ မိဖုရားရဲ့ မောင်တော်ဖြစ်တဲ့ ခေပဒုတကို အိမ်ရှေ့မင်းသားအရာ ခန့်ထားတယ်။

တစ်နေ့တော့တိုင်းပြည်တစ်နေရာမှာ တောဝက်ကြီးတစ်ကောင် ကျေးရွာတွေကို ဖျက်ဆီးပြီး လူတွေကို ဒုက္ခပေးနေတာကြောင့် အိမ်ရှေ့မင်းသား ခေပဒုတကို နှိမ်နင်းဖို့ စေခိုင်းလိုက်တယ်။

ခေပဒုတဟာ နောက်လိုက်ဗိုလ်ပါ စစ်သည် တွေနဲ့ လက်နက်(၅)မျိုးကိုယူပြီး ထွက်ခဲ့တယ်။

ကုန်းသလင်းလို့ ခေါ်တဲ့ (အခု ပြည်မြို့)ရှိတဲ့ နေရာလောက်မှာ တောဝက်ကြီးကို တွေ့တယ်။ တောဝက်ကြီးကို နှိမ်နင်းပြီးတော့ နန်းတော်ကို မပြန်ဘဲ အဲဒီအရပ်မှာ ပဲ ရသေ့ရဟန်းဝတ်ပြီး နေလိုက် တယ်။

အဲဒီနေရာက နောင်...သရေခေတ္တရာဖြစ်မယ့် အရပ်ပဲကွဲ့။

တစ်နေ့တော့ သူနေတဲ့ ကျောင်းသင်္ခမ်းအနီးမှာ ကလေးငိုသံကြားလို့ လိုက်ရှာတော့ မွေးခါစ မိန်းကလေးတစ်ယောက် တွေ့တယ်။ ကလေးအနားမှာ သမင်မတစ်ကောင်က ရစ်သီရစ်သီလုပ်နေ တော့ ဒီကလေးကို ဒီသမင်မက မွေးတာလို့ ယူဆလိုက်တယ်။ ကလေးက မိန်းကလေး။ ဒါကြောင့် ဒီကလေးကို ဘေဒါရီလို့ နာမည်ပေးလိုက်တယ်။ သမင်မက မွေးလို့ ပေ့ါ။

ကလေးမလေးကြီးလာတော့ ရသေ့ရဟန်းကျောင်းမှာ တစ်နေကုန်နေတာ မသင့်တော်တဲ့ အ တွက် တောထဲမှာ တစ်နေကုန်သွားနေအောင် ဆိုပြီး မြစ်ဆိပ်မှာ ရေခပ်ခိုင်းထားတယ်။ ရေကိုလည်း မြန်မြန်မပြည့်အောင်ဆိုပြီး ဘူးသီးတွေကိုမထွင်းဘဲ အခြောက်ထားပြီး ဘူးတောင်းလုပ်ထားတယ်။ ဆိုလိုတာက အပေါက်ကလေးတွေ သေးသေးဖောက်ပြီး ပေးလိုက်တယ်။

ဘူးသီးခြောက်မှာ အပေါက်ကလေးတွေ သေးသေးလေးဖောက်ထားတော့ ရေက တော်တော် နဲ့ မပြည့်ဘူးပေ့ါ။ ဘေဒါရီကလေးက တစ်နေ့တစ်နေ့ ဧရာဝတီမြစ်ဆိပ်မှာ ရေသွားခပ်ရတာ နေဝင်မှ ပဲ ကျောင်းကို ပြန်ရောက်တော့တယ်။

ဒါပေမဲ့ ဘေဒါရီကလေးက ပျော်ပါတယ်။ သူ့မှာ ကစားဖော် သမင်ကလေးတွေရှိတယ်။ သူတို့ နဲ့ အတူ ဆော့ရင်း၊ ကစားရင်း ပျော်နေတာ ပေ့ါကွယ်။

ဒီလိုနဲ့ မဟာသမ္ဘဝနဲ့ စူဠသမ္ဘဝတို့ နှစ်ယောက် မျောလာတဲ့ ဖောင်ဟာ ဧရာဝတီမြစ်ကမ်းမှာ ရှိ တဲ့ သစ်ပင်ကြီးကိုင်းနေတဲ့ အရပ်မှာ လာတိုက်ပြီးရပ်နေတယ်။(အဲဒီနေရာကို အခု စစ်ကိုင်းမြို့လို့ ခေါ်တဲ့ နေရာပေ့ါ)

မင်းသားညီအစ်ကိုနှစ်ယောက်လည်း ထမင်းဆာတာနဲ့ ထမင်းထုပ်ဖြေပြီး စားကြတယ်။ အဲဒီအခါမှာ ဒီနေရာတစ်ဝိုက်မှာ ကျက်စားနေတဲ့ စန္ဒာမုခီ ဘီလူးမက ဖောင်ပေါ်တက် လာပြီး မင်းသားနှစ်ပါးရဲ့ ထမင်းတွေကို ဝင်စားတယ်။ တစ်နေ့မှာ အစ်ကိုဖြစ်သူ မဟာသမ္ဘဝက ဘီလူးမ လက်ကို ဖမ်းမိသွားတယ်။

သူ့ညီကို မေးတယ်။”

“ဒါ…ညီတော့်လက်လား”

“ညီတော်က မဟုတ်ဘူး နောင်တော်၊ ညီတော်လက် မဟုတ်ဘူး ”

မ ဟာ သ မ္ဘ ဝ က “ဒီမှာ တို့ ထမင်းကို လာခိုးစားနေတဲ့ လက်ကိုမိထားပြီ။ ဟေ့ နင် ဘယ်သူလဲ ပြော၊ မပြောရင် သန်လျက်နဲ့ ပိုင်းလိုက်မယ်”

ဒီတော့ ထမင်းဝင်စားနေတဲ့ ဘီလူးမက…

“မသတ်ပါနဲ့ ၊ ဒီနယ်မှာ လှည့်လည်ကျက်စားနေတဲ့ စန္ဒာမုဒီဘီလူးမပါ။

အစာဆာလွန်းလို့ ဝင်စားမိတာပါ၊ ခွင့်လွှတ်ပါ၊ မသတ်ပါနဲ့ ၊ တောင်းပန်ပါတယ်။ ကျွန်တော်မ အသက်ကို ချမ်းသာပေးပါ၊ အသင်တို့နှစ်ယောက် အလိုရှိတာကို ပြောပါ။ ရအောင် လုပ်ပေးပါမယ်

လို့ ပြောတယ်။ ဒီတော့ မင်းသားနှစ်ပါးက တို့ နှစ်ယောက်ရဲ့ စက္ခုန

စ်ကွင်း အလင်းရအောင် ကုစားပေးနိုင်ရင် အသက်ကို ချမ်းသာပေးမယ်လို့ ဆိုတော့ ဘီလူးမက စက္ခုနှစ်ကွင်း အလင်းရအောင် ကုပေးပါမယ်လို့ ကတိခံလိုက်တယ်။

*